# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

**ညွှန်ကြားချက်အမှတ်- ၃ /၂၀၂၂**

၁၃၈၃ ခုနှစ် ၊ တ ပေါင်း လ ဆန်း ၂ ရက်

ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်

အကြောင်းအရာ။ **မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအား ငါးမဖမ်းရကာလ (Closed Season)နှင့် ငါးမဖမ်းရဧရိယာ (Closed Area) သတ်မှတ်ခြင်းကိစ္စ**

၁။ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၃ တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ငါး/ပုစွန်သားပေါက်ပွားသည့်ရာသီချိန်တွင် ငါးနှင့် သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များအား ငါးမဖမ်းရကာလ(Closed Season)နှင့် ငါးမဖမ်းရဧရိယာ(Closed Area) များကို ဤညွှန်ကြားချက်ဖြင့် ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေးငါးဖမ်းရေယာဉ်များအားလုံးသည် အောက်ပါငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများအတွင်း ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) **ငါးမဖမ်းရကာလ (Closed Season)**

(၁) ၂၀၂၂ ခုနှစ်၊ မေလ(၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ
[အင်္ဂလန်ကျား(ကျားဖောင်)၊ ကင်းမွန်နှင့် ပိုင်းချုပ်ငါးဖမ်းရေယာဉ်များအားလုံး]

(၂) ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ
[တရွတ်ဆွဲ၊ ဘုံကျောင်းကျားပိုက်(ကျောက်ပိုက်)၊ မျှောပိုက်၊ စိမ်ပိုက်၊ ငါးမျှားတန်း၊ မြှုံး ငါးဖမ်းရေယာဉ်များအားလုံး]

( ခ ) **ငါးမဖမ်းရဧရိယာ (Closed Area)**

(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက်အမှတ် A1 မှ A20 အထိ၊ B1 မှ B10 အထိ) အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(၂) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် B11 မှ B20 အထိ၊ C1 မှ C25 အထိနှင့် D1, D4, D5, D9, D10, D14, *D15, D19, D20) အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊*

(၃) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀ မိနစ် (ငါးဖမ်းကွက် D2, D3, D6, D7, D8, D11, D12, D13, D16, D17, D18, D21, D22, D23) အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(၄) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၅၈ စက္ကန့်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် D24 မှ D29 အထိ၊ E1 မှ E25 အထိနှင့် F1 မှ F21 အထိ) အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

၃။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ အခြေပြုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေး ငါးဖမ်းရေယာဉ်များအားလုံး၏ လုပ်ငန်းရှင်များအား အထက်စာပိုဒ်(၂)ပါအချက်များကိုသိရှိပြီး တိကျစွာ လိုက်နာဆောင်ရွက်စေရေးအတွက် အသိပေးကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

3/3/22

ဝေလင်းမောင်
ညွှန်ကြားရေးမှူးချုပ်

**တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး**

......................တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
......................မြို့

**ခရိုင်ဦးစီးဌာနမှူး**

......................ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
......................မြို့

**မြို့နယ်ဦးစီးဌာနမှူး**

......................မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
......................မြို့

စာအမှတ်၊ ငလ/နပတ-၄/၂၀၂၂( ၁၇၅၇ )
ရက်စွဲ ၊၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးဌာနခွဲ
- ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)
- အစိုးရအဖွဲ့ရုံး၊ ______________________တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမ်းမြို့
- အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ပုသိမ်မြို့
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်မြို့
- အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ မော်လမြိုင်မြို့
- ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်မြို့
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူး(                              )၊ ငါးလုပ်ငန်းဦးစီးဌာန
- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် **(သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အသင်းအဖွဲ့များသို့ ဆက်လက်ဖြန့်ဝေပေးနိုင်ရန် ပေးပို့ပါသည်)**
- မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း
- တာဝန်ခံအရာရှိ(စုပေါင်းရုံး)၊ ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ